# အမေအို၏ မှာတမ်း

❖ ဝေးမြေရပ်ခြား တိုင်းတစ်ပါး၌
အမိမြေအကျိုး သည်ပိုးရွက်ဆောင်
ပြည့်သားမောင် ‘သံတမန်’တို့။

❖ ခါးကိုင်း၊ နားထိုင်း၊ ဇရာပိုင်းဝင်
အမေ့ရင်ဖြစ်၊ သားမောင်ချစ်တို့
‘သတိ’ တရားလက်ကိုင်ထားလျက်
‘ငါးစိမ်းကိုမြင်’ ‘ငါးကင်ကိုပြစ်’
မောင်လူညစ်တို့ မဖြစ်စေချင်
‘အမေ’ မှာချင်၏။

❖ နုပျိုစဥ်က အမေ့ရင်ဖြစ်
နို့ချိုနှစ်ဖြင့် ဖဝါးလက်နှစ်လုံး
ပုခုံးလက်နှစ်သစ်၊ လူဖြစ်အောင်မွေး
ပညာပေးလျက်၊ ဝေးမြေရပ်ခြား
တိုင်းတစ်ပါးဝယ်၊ ‘မြန်ပြည့်’ ဂုဏ်ဆောင်
‘တမန်’ မောင်ဖြစ်ရေး၊ ‘အမေ’ မျှော်တွေးခဲ့။

❖ သို့တစေငြား ‘အမေ’ ကြားရ
ရင်နာရသည့် တမန်လူမိုက်
မောင်ဗူပိုက်တို့၊ ဒေါ်လာကိုစား
မော်ကာကြွားလျက်၊ ငါ့သွီး၊ငါ့သား
ငါ့မယားအတွက်၊ ဦးထိပ်ရွက်ကာ
ဒီဖက်(defect) လုပ်ကြ၊ ဘက်ပြောင်းကြဖြင့်
ဆိုးညစ်လှစွာ၊ ‘သာကူး’ဘဝ
ရောက်ကြရသည်၊ ယူကျုံးမရ ‘အမေ’ခံစားရ။

- ❖ အမေ့စကား၊ သားမောင်ကြားစေ
  'ပြည့်ဝုဏ်ကိုမထောက်၊ သစ္စာဖောက်ဘဝ'
  'ငါ့သားလှလျှင်၊ ဘယ်မှာရှင်ပျံ'
  ရှိနိုင်ပါ့မလဲ။
- ❖ စည်းစိမ်ဥစ္စာ၊ ဒေါ်လာငွေကြေး
  ပြည့်စုံရေးကို၊ သားမောင်ရွေးချယ်
  ပေါ်ပြည့်ကြွယ်လည်း၊ အမေ့ရင်ဝ
  စုန့်ကန်ထွက်ရ၊ မောင့်ဘဝဝယ်
  ဘယ်မှာ မျက်နှာပန်းလှနိုင်ပါ့မလဲ။
- ❖ အမေ့ရင်၌၊ ပွက်ဆူလှိုက်လည်း
  တရားနှင့်ဖြေ၊ မျက်ရည်ကိုသုတ်
  'သားယုတ်'ကိုဖြတ်၊ သတိကပ်လျက်
  အမေမွေးထား၊ သားထွေးများကို
  'မှာတမ်းချွေလို၊ တမန်ပို့ကြတို့.....'
- ❖ ဆန်ကုန်မြေလေး၊ ကိုမြေခွေးများမဖြစ်ရအောင်
  သတိသမ္ပဇဉ်၊ ဉာဏ်နှင့်ယှဉ်၍
  မြန်ပြည်အကျိုး၊ ရှက်သည်ပိုးကာ
  စိတ်ဓါတ်၊ စည်းကမ်း၊ မြင့်ဉာဏ်စွမ်းဖြင့်
  ကြိုးပမ်းရှက်ဆောင်
  "ပြည့်သားမောင်အဖြစ်"
  အမေမြင်လို၊ တောင်းဆု ဆိုသည်
  မြင့်မိုရ်ထက်ကို မြင့်စေသတည်း။

ဦးရဲ
(ဂျိနီဗာက ဒီပီအာရ်)